**Embassy of the Republic of the Union of Myanmar**
**SHIS – QI 07 CONJUNTO 09 –CASA 02**
**CEP 71615-290 - BRASILIA - DF**
**TEL: 3248-3747- FAX : 3364 2747**
**Email: mebrasilia@gmail.com**

# ၂၀၂၀ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်ပတ်သက်၍ မြန်မာနိုင်ငံသားများသို့ အသိပေးချက်

၁။ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက် (တနင်္ဂနွေနေ့) တွင် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁-၇-၂၀၂၀ ရက်နေ့တွင် ကြေညာချက်ထုတ်ပြန်ထားပြီးဖြစ်ပါသည်။

၂။ ပြည်ထောင်စုအစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင်ရောက်ရှိနေသူများအနက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် ဆန္ဒမဲပေးလိုသူတိုင်း မိမိတို့၏ဆန္ဒမဲပေးပိုခွင့်ကို အပြည့်အဝကျင့်သုံးနိုင်ရန်အတွက် ရွေးကောက်ပွဲကျင်းပမည့်နေ့ရက်ကို ကြေညာပြီးလျှင်ပြီးချင်း သက်ဆိုင်ရာသံရုံး/ အမြဲတမ်းကိုယ်စားလှယ်ရုံး/ကောင်စစ်ဝန်ချုပ်ရုံးများတွင် ပုံစံ(၁၅)ကို တောင်းဆိုရမည်ဖြစ်ပါသည်။

၃။ ပုံစံ(၁၅)ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ Website၊ နိုင်ငံခြားရေးဝန်ကြီးဌာန၏ Website နှင့် ဘရာဇီးလျားမြို့၊ မြန်မာသံရုံး၏ Website တို့တွင် download ရယူနိုင်ပါကြောင်း ဖော်ပြအပ်ပါသည်။

၄။ ပုံစံ(၁၅)ကို အထက်အပိုဒ်(၃)တွင် ဖော်ပြထားသည့် Website များတွင် ၃-၇-၂၀၂၀ ရက်နေ့မှစ၍ download ရယူနိုင်ပါကြောင်းနှင့် ပြည့်စုံစွာ ဖြည့်စွက်ထားသောပုံစံ(၁၅)ကို ဘရာဇီးလျားမြို့၊ မြန်မာသံရုံးသို့ ၁၆-၇-၂၀၂၀ ရက်နေ့မှ ၅-၈-၂၀၂၀ ရက်နေ့အတွင်း ပေးပို့နိုင်ပါကြောင်း ဖော်ပြအပ်ပါသည်။

၅။ တောင်အမေရိကဒေသတွင်း နေထိုင်လျက်ရှိကြသော ဆန္ဒမဲပေးလိုသည့် မြန်မာနိုင်ငံသားများအနေဖြင့် ပုံစံ(၁၅)ကို ပြည့်စုံမှန်ကန်စွာဖြည့်စွက်၍ ဘရာဇီးလျားမြို့၊ မြန်မာသံရုံး၏ အီးမေးလ်သို့ ပေးပို့ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ ဘရာဇီးလျားမြို့၊ မြန်မာသံရုံး၏အီးမေးလ်မှာ mebrasilia@gmail.com ဖြစ်ပါသည်။

၆။ ကြိုတင်ဆန္ဒမဲပေးနိုင်ရန်အတွက် ဘရာဇီးလျားမြို့၊ မြန်မာသံရုံးတွင် မဲရုံဖွင့်လှစ်သွားမည်ဖြစ်ပြီး မဲရုံဖွင့်လှစ်မည့်နေ့ရက်နှင့် အချိန်ကို ထပ်မံကြေညာပေးမည်ဖြစ်ပါသည်။ ကြိုတင်ဆန္ဒမဲပေးလိုသည့် မြန်မာနိုင်ငံသားများအနေဖြင့် ဘရာဇီးလျားမြို့၊ မြန်မာသံရုံးသို့ လာရောက်ဆန္ဒမဲပေးကြရမည်ဖြစ်ပြီး ဘရာဇီးလ်နိုင်ငံ ပြည်ဝင်ဗီဇာရယူရေးကိစ္စ၊ လေယာဉ်လက်မှတ် အသွား/အပြန်၊ တည်းခိုနေထိုင်ရေး၊ သယ်ယူပို့ဆောင်ရေးစသည့် အုပ်ချုပ်မှုကိစ္စအဝဝကို လာရောက်ဆန္ဒမဲပေးကြမည့် မြန်မာနိုင်ငံသားများကိုယ်တိုင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

၇။ ဘရာဇီးလျှားမြို့၊ မြန်မာသံရုံး၏လိပ်စာမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

Embassy of the Republic of the Union of Myanmar
SHIS– QI 07, CONJUNTO 09, CASA 02, LAGO SUL
CEP 71615–290, BRASILIA –DF

၈။ အကယ်၍ မရှင်းလင်းသည်များရှိပါက အောက်ဖော်ပြပါပုဂ္ဂိုလ်ထံ တယ်လီဖုန်းဖြင့်ဖြစ်စေ၊ အီးမေးလ်ဖြင့်ဖြစ်စေ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အကြောင်းကြားအပ်ပါသည် –

ဦးသိန်းဝင်း
ပထမအတွင်းဝန်
မြန်မာသံရုံး၊ ဘရာဇီးလျှားမြို့
လက်ကိုင်ဖုန်း – + ၅၅ ၆၁ ၉၉၉၇၅ ၂၅၁၄
အီးမေးလ် – theinwynn62@gmail.com

**မြန်မာသံရုံး၊ ဘရာဇီးလျှားမြို့**

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၃ ရက်